ချင်းချောင်းကျေးရွာ

ကလေးဝမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချင်းချောင်းကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

# မာတိကာ


မာတိကာ

စကားချီး

ချင်းချောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း**

**အပိုင်း(၁) – ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်**

**ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**မာတိကာ**

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား – မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ချင်းချောင်းကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲ ထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ် ချမှတ် ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု ၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်း ကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊

အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်းလိုအပ်ပါသည်။


ဤ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤ အစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီ အစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေး ဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချင်းချောင်းကျေးရွာ၊ ကလေးဝမြို့နယ်

# ချင်းချောင်းကျေးရွာ သယ်ဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ ချင်းချောင်းကျေးရွာ၊ ချင်းချောင်းအုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းရေးဆွဲခြင်းမှ ရယူသည်။

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေး ဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲ ရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လို သည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာ များ၊

စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊
အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရ မည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်း ရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်း မွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင် ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေး ဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများ ကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိ ကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ် ပါသည်။

## ချင်းချောင်းကျေးရွာ

### ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျေးရွာသည် ကလေးဝမြို့နယ်နှင့် (၅၂)မိုင်ခန့် ကွာဝေးပြီး မဟာမြိုင်တောထဲတွင် တည်ရှိပါ သည်။ လမ်းခရီးသွားလာရခက်ခဲပြီး ချင်းချောင်းကျေးရွာသို့ ရောက်ရှိရန် ရေဦး ကားလမ်းဘေးရှိ အောင်ချမ်း သာကျေးရွာမှ (၂၈)မိုင်ခန့်ထိ သွားလာရပါသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ် သောကြောင့် လယ်ယာမြေများသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အားထားရာဖြစ် ပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် ဝေးလံခေါင်သီသော တောမြိုင်ထဲတွင်ဖြစ်၍ ဆောင်းရာသီတွင် အအေးလွန်ကဲ ပြီး မိုးရာသီတွင် မိုးအဆက်မပြတ် ရွာသွန်းမှုများ ကြုံတွေ့ရပြီး ပူအိုက်သော

ရာသီဥတုမျိုး မကြုံတွေ့ရပါ။ ကျေးရွာအနောက်ဘက်ရှိ ချောင်းမှ သဲရရှိနိုင်ပြီး အသုံးပြုရန် လွယ်ကူပါသည်။ ကျေးရွာနှင့် (၉)မိုင်လောက် အကွာ တောထဲတွင် မျောက်၊ ပြောင်၊ ဖြူ၊ တောင်ဆိတ် စသည့် တိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်ပြီး ရွာထဲတွင် သစ်ခွပန်းမျိုးစိတ်များ ရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များ၊ သာမန်တွေ့ရသောအပင်များသာ ဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၆၅)စု နှင့် ကျား(၄၆၆)၊ မ(၄၉၀)၊ လူဦးရေပေါင်း(၉၅၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၈)ဦးနှုန်း ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာတွင် (၅၇၉)ဦးရှိကာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လုံခြုံရေးနှင့်ကာကွယ်ရေး(၁)ဖွဲ့၊ သာရေး၊ နာရေး လူမှုဖွံ့ဖြိုး ရေး(၂)ဖွဲ့၊ ဘာသာရေးအဖွဲ့အစည်း(၂)ဖွဲ့၊ ငွေကြေးအဖွဲ့အစည်း(၂)ဖွဲ့တို့ ရှိကြ၍ အဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်မှုများ ကောင်းမွန်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာတွင် မိုးရေနှင့်ချောင်းရေကို အသုံးပြုကာ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်သည့် လယ်ယာမြေပေါင်း(၃၉၁)ဧက ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၂၀.၆၁%) သာရှိပြီး ယင်း အိမ်ထောင်စုများမှာ တောင်သူအငှားလုပ်ကိုင်ကြပါသည်။ မြေပဲနှင့်နှမ်းကိုလည်း စိုက်ပျိုးကြပြီး ရာသီဥတု ကောင်းလျှင် နှမ်းအထွက်နှုန်းပိုများ၍ အကျိုးအမြတ်ပိုများပါသည်။ အိမ်တွင်းတစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းကို အိမ်ထောင်စုတိုင်းမှ လုပ်ကိုင်ကြပြီး ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမရှိပါ။ နွားမွေးမြူ ရေးလုပ်ငန်းအတွက် စားကျက်မြေသီးသန့်မရှိပါ။ နွားများအတွက် မြက်များကို

လယ်ကန်သင်းများမှသာ ရရှိနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရောင်း/ဝယ် ပစ္စည်းများ သယ်ယူရန်ခက်ခဲသောကြောင့် ဈေးရောင်းသူ(၃)ဦးသာရှိကာ အလယ်အလတ်လောက် ရပ်တည်နိုင်ပါသည်။ တောင်သူအငှားလိုက်သော မြေယာမဲ့အိမ်ထောင်စုများ၏ ရပ်တည်နိုင်မှုနိမ့်ပါသည်။ လက်သမားလုပ်ငန်းလုပ်ကိုင်သူများလည်း မတွေ့ ရပါ။

**၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် လိုအပ်သော မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ပရိဘောဂပစ္စည်းနှင့် အဝတ် အထည်များအား ရွာနှင့် (၉၂)မိုင်ခန့်ဝေးသော တန့်ဆည်မြို့သို့ သွားရောက်ဝယ်ယူကြပြီး အောင်ချမ်းသာ ကျေးရွာတွင်လည်း မီးဖိုချောင်သုံးပစ္စည်းများ ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသား လမ်းဖြစ်၍ မိုးရာသီတွင် သွားလာရခက်ပါသည်။ ချင်းချောင်းကျေးရွာနှင့် ဝေပုံကျေးရွာ၊ ချင်းချောင်း၊ ကျောင်းကြီးကျေးရွာ၊ ရွာချင်းဆက်မြေလမ်းများသည် သွားလာရခက်ခဲကြမ်းတမ်းပြီး တစ်နှစ်ပတ်လုံး အသုံး ပြုရန် မလွယ်ကူပါ။ သို့သော်လည်း ကျေးရွာတွင် မြစ်ကြောင်းလမ်းမရှိ၍ တစ်ရွာမှတစ်ရွာ သွားလာရန် ဆိုင်ကယ်များကိုသာ အသုံးပြုကြသည်။ တန့်ဆည်မြို့သို့ ဈေးရောင်း/ဝယ်သွားလာရန် လိုင်းကား(၁)စီး ရှိပါသည်။ ကျေးရွာတွင် ဆိုင်ကယ် (၁၃၅)စီး၊ ကား(၁)စီးနှင့် နွားလှည်း(၄၉)စီးလည်း ပိုင်ဆိုင်ကြပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး သယ်ယူပို့ဆောင်ရေးမလွယ်ကူသောကြောင့် ကုန်စည်ဈေး နှုန်းများလည်း ကြီးမားပါသည်။ အိမ်ထောင်စုအများစုသည် ဆိုလာမီးကိုသာ အသုံးပြုကြပြီး ဒီဇယ် အင်ဂျင်သုံး အိမ်ထောင်စုများမရှိကြပါ။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုများသည် ဆိုလာမီးရှိ သောသူများထံတွင် ဆိုင်ကယ် ဘတ္ထရီများ သွားရောက်အားသွင်းအသုံးပြုကြပါသည်။ ကျေးရွာတွင် Telenor ဖုန်းလိုင်းသာမိ၍ အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်မှု ခက်ခဲပါသည်။ ဖုန်း(၁၀၈)လုံး

ပိုင်ဆိုင်ကြပြီး မိုးတွင်း ကာလဆက်သွယ်ရေး အခြေ အနေမကောင်းပါ။ ကျေးရွာတွင် အိမ်ထောင်စုအများစုသည် Portable များအား ဘတ္ထရီများဖြင့် ကြည့်ရှု အသုံးပြုမှုများကြသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ကျောင်းအဆင့်သည် အထက်တန်းကျောင်း(ခွဲ)ဖြစ်ပြီး စာသင်ဆောင်(၅)ဆောင် ရှိ ပါသည်။ စာသင်ဆောင်(၃)ဆောင်အား ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားကြပြီး နိုင်ငံတော်အစိုးရမှ စာသင်ဆောင်(၂)ဆောင် ဆောက်လုပ်ပေးခဲ့ပါသည်။ ကျေးရွာရှိကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ(၃၁၇) ဦးအား ဆရာ(၁၀)ဦး၊ ဆရာမ(၁၃)ဦးတို့မှ သင်ကြားပို့ချပေးပါသည်။ ကျေးရွာတွင် ပညာမတတ်သူ(၂၇)ဦး လည်း ရှိကြောင်း တွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး ကျန်းမာရေးဆရာမ(၁)ဦး၊ သားဖွားဆရာမ(၁)ဦး နှင့် ကြီးကြပ်(၁)ဦး၊ စုစုပေါင်း(၃)ဦး ရှိပါသည်။ ကျေးရွာတွင် ကာကွယ်ဆေးထိုးခြင်းများ ပုံမှန်ရှိပြီး သာမန် ရောဂါများဖြစ်ပွားမှု နိမ့်သော်လည်း ၄က်ဖျားရောဂါဖြစ်ပွားခြင်းများသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် တုံကင်များ ပေါများစွာရှိ၍ တစ်အိမ်ထောင်စုနှင့် တစ်အိမ်ထောင်စု ပေါင်းစပ် သုံးစွဲကြပါသည်။ ချောင်းရေအသုံးပြုသောအိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ကျေးရွာ၏ အိမ်သာသုံးစွဲ မှုမှာ တစ်ရွာလုံးရှိ အိမ်ထောင်စုများမှာ ရေလောင်းအိမ်သာ(၁)မျိုးထဲကိုသာ သုံးကြပြီး ကျေးရွာရှိ ဘုန်းတော် ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ကျေးလက်ဆေးပေးခန်းတို့တွင်သာ သန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြု မှုရှိကြောင်း တွေ့ရှိရပါသည်။ အိမ်တွင် အိမ်သာမရှိသူများသည် အိမ်နီးချင်းအိမ်များတွင် သွားရောက်အသုံးပြု ကြသူများ ဖြစ်ပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် မိုးများ၍ အဆက်မပြတ်ရွာသွန်းမှုများဖြစ်ခဲ့လျှင် ရွာအနောက်ဘက်ရှိ ချောင်းရေ ကြီး၍ ရွာထဲသို့ ရေဝင်ရောက်လာနိုင်ပြီး မြို့ထဲတွင် တည်ရှိသောရွာဖြစ်၍ အအေးလွန်ကဲခြင်းနှင့် ငှက်ဖျား ရောဂါဖြစ်ပွားခြင်းများ ရှိပါသည်။ ကျွန်းသစ်ခုတ်ခြင်းများရှိ၍ သစ်တောများ ပြုန်းတီးသွားနိုင်ခြင်းလည်း ရှိကြောင်း တွေ့ရှိရပါသည်။ သစ်ခွဖျော်ရည်ပြုလုပ်ရန် လက်တံရှည်ပင်စည်မျိုးစိတ်များအား ရောင်းချမှုများ လည်း ရှိပါသည်။

**၉။ ကျား – မ ရေးရာ**

ကျေးရွာရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများ၍ သာရေး/နာရေး/ လူမှုဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် ကျား-မ တန်းတူညီမျှစွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါ သည်။ ကျေးရွာ တွင် အမျိုးသား၊ အမျိုးသမီး အိမ်တွင်း အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံခြင်းမျိုးလည်း မတွေ့ရပါ။ ရွာတွင်း၌ အစည်းအဝေးဖိတ်ကြားသောအခါတွင်လည်း ကျား-မ တန်းတူ တက်ကြွစွာ ရောက်ရှိ လာကြ၍ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ချက်ပြုတ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး အပိုင်း များကိုလည်း အမျိုးသား/အမျိုးသမီး အားလုံး တန်းတူညီမျှစွာ ပါဝင်ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။

## နှစ်အလိုက်စီမံချက်လုပ်ငန်းများ

## ချင်းချောင်းကျေးရွာ၊ချင်းချောင်းအုပ်စု၊ ကလေးဝမြို့နယ်

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ခန်းမဆောင် | ၁ | ၁ | ၂ | ၃ | ၄ | ၅ |
| ၂ | ကျောက်ချောလမ်း | ၂ | | | | | |
| ၃ | စာကြည့်တိုက် | ၃ | - | - | - | - | - |
| ၄ | စက်ချုပ်သင်တန်း | ၄ | - | - | - | - | - |
| ၅ | စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်နိုင်ရန် | ၅ | - | - | - | - | - |
| | | | | | | | |

# ချင်းချောင်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

**စိုက်/မွေးမဟုတ်သောအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းမျှော | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်း<br>ရှားပါးခြင်း | အသက်မွေးဝမ်းကျောင်းအားနည်း | စိတ်ပါဝင်စားစွာသင်ယူ လိုစိတ်ရှိကြခြင်း | အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်<br>သည့်သင်တန်းများပို့ချမှုမရှိခြင်း | ကျေးလက်ဦးစီးဌာနမှ<br>အသက်မွေးဝမ်းကျောင်း<br>သင်တန်းများပို့ချပေးခြင်း<br>(က)စက်ချုပ်သင်တန်း<br>(ခ )ဆိုင်ကယ်ပြင်<br>(ဂ )ပန်းရံ | စက်ချုပ်သင်တန်း<br>ဖွင့်လှစ်ပို့ချပေးနိုင် ရန်။ |

# ချင်းချောင်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

**လယ်သမားအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းမွန်ချက် | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ချေးငွေမလုံလောက်ခြင်း | စက်ပစ္စည်းကိရိယာ မပြည့်စုံခြင်း | မြေဆီလွှာကောင်းခြင်း | စပါးအထွက်နှုန်းနည်းပါး | စိုက်ပျိုးရေးဦးစီးဌာန | စိုက်ပျိုးရေးအတွက် ချေးငွေတိုးမြှင့်ပေးနိုင်ရန် |
| ၂ | ဒေသထွက်ကုန်များပြို့ပေါ်သို့မတင်သွင်းနိုင်၊ မရောင်းချနိုင် | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်း | လမ်းအကြောင်းများရှိ ခြင်း | မိုးရာသီတွင် သွားလာရန်ခက်ခဲမှုရှိခြင်း | ကျေးလက်ဦးစီးဌာန | ကျောက်ချောလမ်းဖောက် လုပ်ရန် |

## ချင်းချောင်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

**အမျိုးသမီးအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | သာသနာရေးပွဲများကျင်းပ ရာတွင် အသုံးပြုသည့် ပစ္စည်းများသိုလှောင်ရန် အခက်အခဲဖြစ်ခြင်း | သိုလှောင်ခန်းများ မရှိခြင်း | မြေနေရာအဆင်သင့်ရှိခြင်း | ငွေကြေးအလုံအလောက်မရှိခြင်း | ဖွံ့ဖြိုးရေးဌာနများမှ အကူအညီတောင်းရန် | ကျေးရွာခန်းမဆောက်လုပ်ပေး နိုင်ရန် |

# ချင်းချောင်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းမျှော | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာခန်းမဆောင်မရှိခြင်း<br>ကြောင့် သာရေး၊နာရေးပွဲကျင်းပရန်အခက်အခဲရှိခြင်း | ကျေးရွာခန်းမမရှိ ခြင်းကြောင့် ဖြစ် သည်။ | မြေနေရာရှိခြင်း | ငွေကြေးမလုံလောက် ခြင်း | ကျေးလက်ဦးစီးဌာနမှ<br>ကူညီဆောင်ရွက်ပေးနိုင်ပါရန် | ကျေးရွာခန်းမဆောက်လုပ်လိုခြင်း |

## ချင်းချောင်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

**လူငယ်အဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းမျာ ်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | အသိပညာဗဟုသုတနည်းပါ ်း ခြင်း | အတန်းပညာအာ ်း နည်းခြင်း | စာဖတ်လိုစိတ်ရှိခြင်း ပညာဆည်းပူးလိုစိတ် ရှိခြင်း | စာကြည့်တိုက်ဆော က် လုပ်ရန်ငွေကြေးလို အပ်ခြင်းနှင့်စာအုပ် စာပေများလိုအပ်ခြင်း | ပြန်ကြားရေး၊ပြည်သူ့ ဆက်ဆံရေးဝန်ကြီးဌာ န နှင့်ရပ်ရွာလူထုပူးပေါင်း ဆောင်ရွက်ခြင်း | ကျေးရွာစာကြည့် တိုက်ဆောက်လု ပ် ပေးရန် |

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | အကောင်အထည်ဖော်မည့် နည်းဗျူဟာလုပ်ငန်းစဉ်များ | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံအဆောက်အဦး** | ခန်းမဆောင်ဆောက်လုပ်ခြင်း | ၆၉ | ၁ | ကျေးရွာတွင်းခန်းမဆောင်ဆောက်လုပ်ခြင်း (၆၃'×၂၇'×၁၂')။ | ကျေးလက်ဦးစီး |
| **အခြေခံအဆောက်အဦး** | ကျောက်ချောလမ်းခင်းခြင်း | ၅၆ | ၂ | ရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း။ | - |
| **အခြေခံအဆောက်အဦး** | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း | ၅၂ | ၃ | စာကြည့်တိုက်တည်ဆောက်ခြင်းနှင့်စာအုပ်စာပေများပြုလုပ်ပေးခြင်း။ | - |
| **လူငယ်နှင့်အားကစား** | စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်း | ၃၆ | ၄ | လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စက်ချုပ်သင်တန်းဖွင့်လှစ်ပေးခြင်း။ | - |
| **စိုက်ပျိုးရေး** | စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ပေးခြင်း | ၃၅ | ၅ | စိုက်ပျိုးရေးစရိတ်တိုးမြှင့်ရန် ဆောင်ရွက်ခြင်း။ | - |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။